Internal Revenue Department

# အ ခွန် ထမ်း တစ် ဦး ချင်း ၏ အ ခွင့် အ ရေး

## အချက်အလက်များတောင်းဆိုပိုင်ခွင့်များ

အခွန်ထမ်းကြီးများသည် အခွန်ဥပဒေများနှင့် အညီ လိုက်နာနိုင်ရန်လိုအပ်သော အချက်အလက်များ ကိုသိရှိနိုင်ခွင့်၊ သက်ဆိုင်ရာအခွန်ပုံစံများ၊ ညွှန်ကြား ချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ သက်ဆိုင်ရာအကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန် ကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များ အပေါ် ရှင်းလင်းချက်များတောင်းဆိုပိုင်ခွင့် နှင့် ရရှိ ပိုင်ခွင့်ရှိပါသည်။

## အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ ရရှိပိုင်ခွင့်များ

မိမိတို့အနေဖြင့် လုပ်ငန်းသဘာဝအရ ဆက် သွယ်ဆောင်ရွက်နေရသော အခွန်ထမ်းကြီးများအား လုံးကို လေးစားမှု နှင့် ယဉ်ကျေးမှု တို့ကိုရှေ့ထားပြီး မျှမျှတတ၊ သမာသမတ်ကျကျဆက်ဆံပါမည်။ မိမိတို့ အနေဖြင့် အချိန်တိုင်းတွင် ရိုးသားဖြောင့်မတ်ခြင်း၊ အရည်အသွေးပြည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေး ခြင်း၊ ယုံကြည်ကိုးစားနိုင်ခြင်း နှင့် တာဝန်ယူမှုအ ပြည့်ရှိခြင်းဟူသည့် အရည်အသွေးများဖြင့် လုပ်ငန်း များကို ဆောင်ရွက်ပါမည်။ အခွန်ထမ်းကြီးများ အတွက် မိမိတို့ပေးအပ်သည့် ဝန်ဆောင်မှုများသည် ကြိုတင်ပြင်ဆင်မှုရှိသောအချိန် နှင့် တစ်ပြေးညီဖြစ် သော၊ မှန်ကန်သော၊ နွေးထွေးပျူငှာသော၊ ရှေ့နောက် ညီညွတ်မှုရှိသော၊ လွယ်ကူအဆင်ပြေသော ဝန်ဆောင် မှုများဖြစ်ရပါမည်။

## အခွန်ထမ်း တစ်ဦးအနေဖြင့် သင်၏ အခွင့်အရေး

အခွန်ထမ်းတစ်ဦးအနေဖြင့် သင်သည် မိမိတို့ထံမှ အောက်ပါအချက်များကို မျှော်မှန်းပိုင်ခွင့်ရှိပါသည်-

(၁) သင့်အား မျှမျှတတ၊ ချင့်ချင့် ချိန်ချိန်၊ ယဉ်ယဉ် ကျေးကျေးဆက်ဆံရန်
(၂) သင့်အား ရိုးသားသည်ဟု မှတ်ယူဆက်ဆံရန်
(၃) မိမိတို့ လုပ်ဆောင်သမျှအတွက် တာဝန်ခံရန်
(၄) သင့်အားအကူအညီပေးရန်နှင့်အသိပညာပေးရန်
(၅) သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်း ထားရန်
(၆) ကြားနာခံပိုင်ခွင့်ပြုရန်
(၇) သင်၏ကိုယ်စားလှယ်ထားပိုင်ခွင့်ကို လက်ခံရန်
(၈) သင်၏အယူခံပိုင်ခွင့်ကို လက်ခံရန်

## အခွန်ထမ်းတစ်ဦးအနေဖြင့် သင်၏တာဝန်များ

အခွန်ဌာနမှလည်း သင့်အနေဖြင့် အခွန်တာဝန် များကို မှန်ကန်စွာ နှင့် သစ္စာရှိစွာ ထမ်းရွက်လျက် ရှိသည်ဟု ယုံကြည်ထားပါသည်။ သင့်အနေဖြင့် အောက်ပါတို့ကို ဆန္ဒအလျောက်ဆောင်ရွက် လိမ့်မည် ဟုယုံကြည်ထားပါသည်-

၁။ အခွန်ထမ်းအဖြစ် မှတ်ပုံတင်မည်။
၂။ အခွန်ဥပဒေများကို လိုက်နာဆောင်ရွက်မည်။
၃။ မှန်ကန်၊ ပြည့်စုံဖြောင့်မတ်သော ကြေညာလွှာများ ကို အချိန်မီ တင်သွင်းမည်။
၄။ ထိုက်သင့်သော အခွန်ပမာဏကို ပေးဆောင်မည်။
၅။ သင်၏ အရောင်းအဝယ်များနှင့်စပ်လျဉ်းပြီး စာ ရင်းအင်းများ၊ စာရွက်စာတမ်းများနှင့် မှတ်တမ်း များထိန်းသိမ်းထားရှိမည်။

## ပေးဆောင်ထိုက်သောအခွန်ပမာဏကိုသာ ပေးဆောင်ပိုင်ခွင့်

အခွန်ထမ်းကြီးများသည် တည်ဆဲအခွန်ဥပဒေ များအရ ပေးဆောင်ထိုက်သော အခွန် နှင့် ဒဏ်ငွေ ပမာဏကိုသာ ပေးဆောင်ပိုင်ခွင့်ရှိစေရမည်။

## အခွန်ဥပဒေများနှင့်အညီအယူခံခွင့်ရှိခြင်း

အခွန်ထမ်းကြီးများသည် မိမိနှင့် သက်ဆိုင်

INTERNAL REVENUE DEPARTMENT

သည့် မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် စည်းမျဉ်းများဖြင့်ပြဋ္ဌာန်းထားသည့်အတိုင်းအယူခံဝင်နိုင်သည်။

### စာရင်းစစ်ဆေးခြင်း ပြီးစီးမည့်အချိန်

အခွန်ထမ်းကြီးများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကိုစစ်ဆေးရန် အများဆုံးကြာမြင့်မည့်အချိန်၊ ဌာန၏သဘောထား စသည်တို့အား လူကြီးမင်းတို့ထံမှ အချက်အလက် ရရှိနိုင်မှုအပေါ် မူတည်ပြီးအချိန် ကန့်သတ်ချက်ကို သိရှိနိုင်ခွင့်ရှိသည်။

### အချက်အလက်များနှင့်ပတ်သက်၍ ယုံကြည်မှုရှိပိုင်ခွင့်

ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းကြီးများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို ပြည်ထောင်စုအစိုးရကိစ္စမှအပ ထုတ်ဖော်ခြင်းမပြုပဲ ဥပဒေနှင့်အညီ လျှို့ဝှက် ထိန်းသိမ်းထားမည်ဖြစ်ပါသည်။

### ကိုယ်စားလှယ်ထားရှိပိုင်ခွင့်

အခွန်ထမ်းကြီးများသည် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လူကြီးမင်းတို့ကိုကိုယ်စားပြု၍ အခွန်ဆိုင်ရာကိစ္စအဝဝကိုဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားရှိပိုင်ခွင့် ရှိသည်။

INTERNAL REVENUE DEPARTMENT